ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
ပင်လည်ဘူးမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan (VDP)


## ချောင်းဆုံကျေးရွာ၊ ကကက်ကျေးရွာအုပ်စု

၂၀၁၇ ခုနှစ် ပင်လည်ဘူးမြို့


မာတိကာ

၁။ ပင်လည်ဘူးမြို့နယ် မြေပုံ ........ 2
၂။ ကကက်ကျေးရွာအုပ်စုမြေပုံ ........ 3
၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ ........ 4
၄။ ကျေးရွာအခြေခံအချက်အလက်များ ........ 4
၅။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်ချက်များ ........ 6
၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ ........ 8
၇။ ကျေးရွာကော်မတီဖွဲ့စည်းခြင်းနှင့်ဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း မှတ်တမ်းဓါတ်ပုံများ ........ 29
၈။ (၂၀၁၇)ခုနှစ် ကော်မတီစာရင်း........ 34
၉။ ပုံစံ(၁) ကျေးရွာအခြေခံချက်လက်များ ........ 35
၁၀။ပုံစံ စ ၂စီမံကိန်းစက်ဝန်းအချိန်ဇယား ........ 38
၁၁။ပုံစံ စ၃ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်ရေးဆွဲခြင်း ........ 40
၁၂။ပုံစံစ ၄ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ ........ 42
၁၃။အစည်းအဝေးမှတ်တမ်းများ........44
၁၄။နောက်ဆက်တွဲ(၄)ခြားနားသောအစိတ်အပိုင်းများအတွက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်အနှစ်ချုပ်.... 48

## ၁။ ပင်လည်ဘူးမြို့နယ် မြေပုံ



## ၂။ ကကက်ကျေးရွာအုပ်စုမြေပုံ



## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

ကကက်၊ တောင်တော၊ ရွှေထီးကုန်း၊ သရက်ကုန်း၊ ချောင်းဆုံ ကျေးရွာ တို့ပါဝင်သည်။

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

### ၁။ ကျေးရွာသမိုင်းအကျဉ်း

ချောင်းဆုံကျေးရွာသည် လွန်ခဲ့သော ၁၃၀၀ ခုနှစ်တွင် အိမ်ခြေ၁၇အိမ်ဖြင့် ရွာတည်ခဲ့ကြသည်ဟု ပြောစ မှတ်ပြုခဲ့ကြသည်။ ချောင်းဆုံကျေးရွာဟု ခေါ်တွင်ရခြင်းမှာ ရွာ၏ ပတ်လည်တွင် ချောင်းမြောင်းများ ပေါင်းဆုံရခြင်းကို အကြောင်းပြု၍ ချောင်းဆုံကျေးရွာဟု ခေါ်တွင်ခဲ့ကြသည်။ ချောင်းဆုံကျေးရွာသည် တစ်ရွာ လုံးမှာ ရှမ်းလူမျိုးများ နေထိုင်ကြသည်။ ရှမ်းဘာသာစကားကို အဓိကပြောဆိုကြသည်။ ရှမ်းစာပေကို ရေးတတ်သူ အနည်းငယ်သာရှိသည်။ အဓိက အသက်မွေးမှုမှာ စိုက်ပျိုးရေး လုပ်ငန်းကိုသာ လုပ်ကိုင်ကြသည် လမ်းပန်းဆက်သွယ်ရေးမှာ ပွင့်လင်းရာသီတွင် အသင့်အတင့် ကောင်းမွန်ပြီး မိုးရာသီတွင် ညံ့လှပါသည်။ ပညာရေးတွင် အခြေခံပညာမူလတန်းကို ကျောင်းနေအရွယ်တိုင်း ပညာသင်ကြားနိုင်ပါသည်။ လက်ရှိအချိန် တွင် ရပ်မိရပ်ဖများက ပညာရေးကို အဓိကထားပြီး တွန်းအားပေးနေကြပါသည်။ ချောင်းဆုံကျေး ရွာတွင် အိမ်ခြေ၉၅အိမ်ရှိပြီး ရှမ်းလူမျိုးများနေထိုင်သောရွာလေးတစ်ရွာ ပင်ဖြစ်ပါသည်။

### ၂။ လူနည်းစုလူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထာင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| မရှိ | - | - | - | - |

### ၃။ကျေးရွာတွင်းရှိ စုစုပေါင်းအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ဗမာ | ၉၄ | ၂၆၃ | ၂၇၈ | ၅၄၁ |

## ၄။ ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၁၉ | ၆ | ၁၆ | ၂၂ |
| မြေယာမဲ့ | ၁၅ | ၃၄ | ၂၈ | ၆၂ |
| မသန်စွမ်း | ၅ | ၂ | ၂ | ၄ |

## ၅။ အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | ကျွဲ | အသေးစားဆိုင် | လက်သမား |
| မြေပဲ | နွား | | |
| နှမ်း | ဝက် | ကုန်သည် | ပန်းရံ |
| | ကြက် | | |

## ၆။ ကျေးရွာအတွင်းအဓိက ပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေ | စားကျက်မြေ | သစ်တောမြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၁၅၀ဧက | ၈၀ဧက | - | ရှိ | ၃ /- | - |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | မြေတူးစက် | လမ်းကြိတ်စက် | အသေးစားဆည် | ဈေးဆိုင် |
| အရေအတွက် | ၁ | - | - | - | - | ၃ |

## ၇။ ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | ၀ | ၅ | ၈၀ | ၅၀ | - |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | |
| အရေအတွက် | ၉၂ | ၄၅ | ၅ | ၃၀ | |

## ၈။ အခြားကျေးရွာရှိအသုံးပြုနိုင်သော အရင်းအမြစ်/အချက်အလက်များ

| အရင်းအမြစ် | ဆေးခန်း | အ.လ.က/အ.ထ.က | စျေး | ကျွမ်းကျင်လုပ်သား | လုပ်သား | မြေတူးစက် | လမ်းကြိတ်စက် |
|---|---|---|---|---|---|---|---|
| အရေအတွက် | ၁ | - | - | ၁ | ၃၀ | - | - |

## ၅။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်ချက်များ

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း(Wealth Ranking) | ၅-၁-၁၇ | ချမ်းသာ၊အလယ်အလတ်၊နွမ်းပါး၊အလွန်နွမ်းပါးအုပ်စုများ | ၃၃ | ၄၈ | ၈၁ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများ သတ်မှတ်ခြင်း၊ ကျေးရွာသားများနှင့် အများသဘောတူ ခွဲခြားသတ်မှတ်ခြင်း |
| ၂ | ရာသီခွင်ပြပြက္ခဒိန် (Seasonal Calendar) | ၆-၁-၁၇ | ကော်မတီဝင်၊ အမျိုးသမီး၊အမျိုးသားများ | ၈ | ၈ | ၁၆ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ဝမ်းစာဖူလုံမှု နှင့် ပွဲတော်များ |
| ၃ | ကျေးရွာလူမှုရေးပြ၊သယံဇာတပြမြေပုံ (Social Map/Resource Map) | ၆-၁-၁၇ | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ | ၂၀ | ၁၇ | ၃၃ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊ လမ်းပန်းဆက်သွယ်ရေးအခြေအနေလယ်ယာမြေများ၊ မြစ်ချောင်းများ၊ ရေတွင်း ရေကန်များ၊သစ်တောများ |
| ၄ | ပြဿနာသစ်ပင် (Problem Tree) | ၆-၁-၁၇ | အမျိုးသားများ | ၃၃ | - | ၃၃ | ဆွေးနွေးထားသော အခြေခံအဆောက်အဦးများနှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ကျန်းမာရေး၊ပညာရေး။ |


| | | | | | | | |
|---|---|---|---|---|---|---|---|
| ၅ | ပြဿနာသစ်ပင် ( Problem Tree) | ၈-၁-၁၇ | အမျိုးသမီးများ | - | ၄၈ | ၄၈ | ဆွေးနွေးထားသော အခြေခံအဆောက်အဦးများနှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများ |
| ၆ | ကျေးရွာ၏ (၅)နှစ်စာ ဦးစားပေးအစီအစဉ်ပြ ဇယား(Metric Ranking) | ၉-၁-၁၇ | အမျိုးသားအုပ်စု၊ အမျိုးသမီးအုပ်စု၊ လူငယ်အုပ်စု၊ရပ်မိရပ်ဖအုပ်စု | ၄၀ | ၄၄ | ၈၄ | အကျိုးပြုဦးရေ၊ အကျိုးခံစားခွင့် နှင့် အဓိက လိုအပ်ချက်များပေါ် မူတည်၍ ဆုံးဖြတ်သည်။ |
| ၇ | အဖွဲ့အစည်းချိတ်ဆက်ပုံ (Venn Diagram) | ၉-၁-၁၇ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ကျေးရွာစီ/ထောက်အဖွဲ့ | ၂၀ | ၂၁ | ၄၁ | ကျေးရွာတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များချိတ်ဆက်လုပ်ကိုင်မှု |
| ၈ | ပင့်ကူအိမ်ကွန်ယက် (Spider Web) | ၉-၁-၁၇ | အမျိုးသားများ နှင့် အမျိုးသမီးများ | ၄၀ | ၄၄ | ၈၄ | အမျိုးသားများနှင့်အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိမှု နှင့် မရရှိသည့် အကြောင်းအရင်းများ |
| ၉ | အမျိုးသား အမျိုးသမီး ပိုင်ဆိုင်မှုခွဲခြမ်းစိတ်ဖြာခြင်း။ | ၉-၁-၁၇ | ကျေးရွာစီ/ထောက် အဖွဲ့၊ ကျေးရွာလူထု | ၄၀ | ၄၄ | ၈၄ | ပြဿနာ၊အခွင့်အရေး၊လက်ရှိ အခြေအနေ ကိုသိရှိရန် နှင့် ပြောင်းလဲနိုင်သည်ပုံစံများ |
| ၁၀ | ကျေးရွာအိပ်မက်ပြမြေပုံ (Dream Map) | ၉-၁-၁၇ | ကျေးရွာစီ/ထောက်အဖွဲ့၊ကျေးရွာလူထု | ၄၀ | ၄၄ | ၈၄ | နောင်တစ်ချိန်တွင် ကျေးရွာတွင် ဖြစ်စေချင်သော/မြင်စေချင်သော အရာများ ထည့်သွင်းရေးဆွဲခြင်း |

၁။ ကျေးရွာ၏လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း။(Wealth Ranking)

| အဆင့် | အခြေခံစံနှုန်းများ/ ညွှန်းကိန်းများ | အိမ်ထောင်စု | ရာခိုင်နှုန်း |
|---|---|---|---|
| **ချမ်းသာ** | **အိမ်အခြေအနေ-**<br>ခြေတံရှည်၊သွပ်မိုး၊သက်ကယ်မိုး၊ပျဉ်ထောင်၊ပျဉ်ကာ<br>**မြေယာပိုင်ဆိုင်မှု-** ၁၀ကေအထက်<br>**ကျွဲ၊ နွား-** ၈ ကောင်အထက်<br>**အခြားပိုင်ဆိုင်မှု-** ခြွေစက်၊ ထွန်းစက်၊ ရေစုပ်စက်၊ TV၊ ဆိုလာ၊တယ်လီဖုန်း၊ စပါးကြိတ်စက်၊ ဆိုင်ကယ်၊ ကား | ၁၆ | ၁၇% |
| **အလယ်အလတ်** | **အိမ်အခြေအနေ-**<br>ပျဉ်ခင်း၊ဝါးထရံကာ၊သက်ကယ်မိုး၊ခြေတံရှည်<br>**မြေယာပိုင်ဆိုင်မှု-** ၅ ကေ နှင့် ၁၀ ကေအကြား<br>**ကျွဲ၊ နွား-** ၂ ကောင်နှင့် ၅ ကောင်ကြား<br>**အခြားပိုင်ဆိုင်မှု-**<br>လှည်း၊ဆိုင်ကယ်အဟောင်း၊TVအသေး၊ဆိုလာအသေး | ၄၅ | ၄၇% |
| **နွမ်းပါး** | **အိမ်အခြေအနေ-** ဝါးကြမ်းခင်း၊ ဝါးထရံကာ၊ သက်ကယ်မိုး၊ ချေတံရှည်အိမ်<br>**မြေယာပိုင်ဆိုင်မှု-** မရှိ<br>**ကျွဲ၊ နွား-** မရှိ<br>**အခြားပိုင်ဆိုင်မှု-** မရှိ | ၃၃ | ၃၆% |
| | စုစုပေါင်း | ၉၄ | ၁၀၀% |

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်ချက်များ

၂။ ရာသီစွင်ပြ ပြက္ခဒိန် နှင့် သုံးသပ်ချက်




**ဆွေးနွေးချက်**

ရာသီဥတုအခြေအနေမှာ တခူး၊ ကဆုန်၊ ပြာသို၊ တပို့တွဲ၊ တပေါင်း စသည့်လများတွင် သာယာပြီး ကျန်သည့်လများတွင် မိုးရွာကြောင်း၊ တခါတရံ လေပြင်းများလည်း တိုက်ခတ်ကြောင်း ဆွေးနွေးခဲ့ပါသည်။ စိုက်ပျိုးသီးနှံများကို မိုးတွင်းကာလများတွင် အများဆုံးစိုက်ပျိုးကြသည်။ အဓိက စိုက်ပျိုးသီးနှံများမှာ စပါး၊ ပဲ၊ နှမ်း၊ နေကြာ၊ ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးကြသည်။ ကျွဲ၊ နွား၊ ကြက်၊ ဝက်များကို ဆယ့်နှစ်ရာသီ ပတ်လုံး တစ်ပိုင်တစ်နိုင် မွေးမြူကြသည်။ နေ့စားလုပ်ငန်းကို လယ်ယာလုပ်ငန်းခွင်ချိန်တွင်သာ လုပ်ရလေ့ရှိကြောင်း ဆွေးနွေးကြသည်။ သဘာဝဘေးအန္တရာယ်ကို မိုးဦးကာလများတွင် အနည်းငယ် ကြုံတွေ့ရလေ့ရှိသည်။ လုပ်ငန်းခွင်ချိန်တွင် လုပ်သားရှားပါးမှုနှင့် ကြုံတွေ့ရပြီး ကျန်သည့်အချိန်များတွင် လုပ်သား ပေါများပါသည်။ ဂမ်းစာဖူလုံမှုတွင် စပါးပေါ်ချိန်တွင် ဂမ်းစာဖူလုံမှုရှိပြီး စိုက်ပျိုးသည့်အချိန်တွင် ဂမ်းစာလုံခြင်း မရှိပါ။ ရာသီပွဲတော်များကို လစဉ်လတိုင်း ကျင်းပခြင်းမရှိဘဲ တန်ခူး၊ ကဆုန်၊ ဝါဆို၊ တော်သလင်း၊ သီတင်းကျွတ်၊ တပို့တွဲနှင့် တပေါင်းလများတွင် ပြုလုပ်လေ့ရှိကြောင်း ဆွေးနွေးခဲ့ကြပါသည်။

**သုံးသပ်ချက်**

စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပွင့်လင်းရာသီရောက်မှ သာ ဆောင်ရွက်သင့်သည်။ အဘယ်ကြောင့်ဆိုသော် ချောင်းဆုံကျေးရွာ လူထုအားလုံး လယ်ယာလုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြသည့်အတွက် မိုးတွင်းကာလ၊ ဆောင်းတွင်းကာလများတွင် လယ်ယာလုပ်ငန်းခွင်နှင့် တိုက်ဆိုင်သောကြောင့် အလုပ်သမား ရှားပါးခြင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက် အချိန်မပေးနိုင်ခြင်း စသည့် အခက်အခဲများနှင့် ကြုံတွေ့ရသည့်အတွက် အောင်မြင်သင့်သလောက် မအောင်မြင်နိုင်ပါ။ ထို့ကြောင့် ရာသီဥတုသာယာပြီး ကျေးရွာလူထုအားလုံး ပါဝင်လုပ်ဆောင်နိုင်သည့် ပွင့်လင်းရာသီတွင် လုပ်ငန်းခွဲများ လုပ်ဆောင်သင့်ပါကြောင်း သုံးသပ်မိပါသည်။

၃။ ကျေးရွာလူမှုရေးပြမြေပုံ နှင့် သုံးသပ်ချက်




## ဆွေးနွေးချက်

ချောင်းဆုံကျေးရွာတွင် အိမ်ခြေ(၉၈)အိမ်ရှိပြီး စီးပွားအဆင့်(၃)ဆင့်ရှိကြောင်း ဆွေးနွေးခဲ့ကြသည်။ ၎င်းအဆင့်များမှာ (၁) ချမ်းသာ၊ (၂) အလယ်အလတ်၊ (၃) နွမ်းပါးတို့ဖြစ်ပြီး လူတန်းစား(၃)မျိုးလုံး ကျေးရွာတွင် ပျံ့နှံ့၍ နေထိုင်ကြကြောင်း ဆွေးနွေးခဲ့ကြသည်။

## သုံးသပ်ချက်

စီးပွားရေးအဆင့် (၃) မျိုးရှိပြီး ကျေးရွာများတွင် စုစည်းစွာ နေထိုင်ကြပါသည်။ ချောင်းဆုံကျေးရွာသည် ပင်လည်ဘူးမြို့နယ် တမံမောက်လပ်ဒေသတွင် တည်ရှိ၍ ရွာတွင်းရှိလမ်းများ၊ ရွာချင်းဆက်လမ်းများမှာ မြေသားလမ်းများ ဖြစ်သောကြောင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲပါသည်။ ကလေးမွေးဖွားခြင်းအတွက် အရပ်လက်သည်ရှိပါသည်။ အဓိကဆေးကုသမှုခံယူခြင်းကို ရွှေထီးကုန်းရှိ ကျေးလက်ဆေးပေးခန်းသို့ သွားရောက်၍ ဆေးကုသမှုခံယူရပါသည်။ မိုးတွင်းကာလတွင် ဖမ်းရောဂါ၊ ၎က်ဖျားရောဂါများ ဖြစ်တက်သည်။ သောက်သုံးရေ ကျေးရွာတွင် ရေတွင်းပိုင်းရှိပါသော်လည်း ပိုက်တွင်း အနည်းငယ်သာသဖြင့် သောက်သုံးရေဖူလုံမှုမရှိပါ။ ရွာ၏တောင်ပိုင်းတွင် ဘုန်းကြီးကျောင်း၊ ဓမ္မာရုံ၊ ရှိပါသည်။ ရွာ၏မြောက်ဘက်တွင် စာသင်ကျောင်း ရှိပါသည်။

## ၄။ကျေးရွာအရင်းအမြစ်ပြမြေပုံနှင့်သုံးသပ်ချက်



## ဆွေးနွေးချက်


ပတ်ဝန်းကျင်ရှိ သဘာဝအရင်း အမြစ်များနှင့် ပတ်သက်၍ သစ်တောများမှ ထင်းခုတ်သုံးစွဲမှုရှိပြီး ကျေးရွာအနီးတွင် ချောင်းရှိသောကြောင့် သဲရေများလုံလောက်စွာ ရရှိမှုကြောင်းကို ဆွေးနွေးခဲ့ကြပါသည်။ စီးပွားရေးမှာ ယာကွက်၊ကိုင်းကွက်များတွင် ဟင်းသီး၊ ဟင်းရွက်များ စိုက်ပျိုးကြပြီး ဝမ်းစာအနေဖြင့် စပါး၊နှမ်း၊နေကြာတို့ကို အဓိကစိုက်ပျိုးကြသည်။ ကျွဲ၊နွား၊ကြက်၊ဝက်တို့ကို တစ်ပိုင်တစ်နိုင် မွေးမြူကြပါသည်။ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှု စိုက်ပျိုးရေးနည်းပညာ အားနည်းသောကြောင့် စီးပွားရေး၊ပညာရေးများ နိမ့်ကျမှုများ ကြုံတွေ့ခဲ့ရပါသည်။

## သုံးသပ်ချက်

ချောင်းဆုံကျေးရွာ ပတ်ဝန်းကျင်တွင် သစ်တောများ အနည်းငယ်ရှိပါသည်။ ချောင်းများမှ စိုက်ပျိုးရေသဲများကို လုံလောက်စွာ ရရှိနိုင်ပါသည်။ ကျွဲ၊နွားများကို တစ်ပိုင်တစ်နိုင် မွေးမြူပြီး လယ်ယာစိုက်ပျိုးရေးအနေဖြင့် စပါး၊နှမ်း၊နေကြာတို့ကို လုပ်ကိုင်စိုက်ပျိုးကြပါသည်။ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုကြောင့် ကျန်းမာရေး၊ လူမှုရေး၊ စီးပွါးရေး ၊ပညာရေး အားနည်းကြောင်းတွေ့ရှိရပါသည်

၅။ အမျိုးသားများတင်ပြသော ပြဿနာသစ်ပင် နှင့် ဖြေရှင်းနည်းလမ်း

အကြောင်းအရင်းများ/ အခက်အခဲများ




## ဆွေးနွေးချက်

လမ်းခရီးခက်ခဲခြင်းကြောင့် လမ်း၊တံတား ဆောက်လုပ်ရန် ရံပုံငွေမရှိခြင်း၊ စီးပွားရေး အဆင်မပြေခြင်း၊ အရင်းအမြစ်များ ရှားပါးခြင်း၊ အလုပ်အကိုင် အခွင့်အလမ်း နည်းပါးခြင်း၊ အလှူရှင်မရှိခြင်း၊ ဌာနဆိုင်ရာမှ တည်ဆောက်ရန် လျာထားပေးမှု မရှိခြင်းစသည့် အခက်အခဲများကြောင့် ကလေးများလုံခြုံမှု အားနည်းခြင်း၊ ကိုယ်ကာယကြံ့ခိုင်မှု အားနည်းခြင်း၊ အသိပညာပေး ဟောပြောပွဲများ နေရာမရှိခြင်း၊ ကလေးပညာ အရည်အသွေးများ နိမ့်ကျခြင်းများနှင့် ဖွံ့ဖြိုးမှုနောက်ကျခြင်း စသည့် အကျိုးဆက်များ ခံစားခဲ့ရကြောင်း ဆွေးနွေးခဲ့ကြသည်။

## သုံးသပ်ချက်

- သွားလာရေး ခက်ခဲခြင်း နှင့် ဒေသထွက်သီးနှံများ စျေးကောင်းဖြင့် မ◻ာင်းရခြင်း
- စာပေ ဗဟုသုတ နည်းပါးခြင်း၊ အသိပညာဗဟုသုတနည်းပါးခြင်း၊ လူကြားထဲတွင် စကားပြောရာ တွင် အရှေ့နောက်မညီသည့်အတွက် အဆင်မပြေခြင်း
- စိုက်ပျိုးရေး မွေးမြူရေး ဆောင်ရွက်လုပ်ကိုင်ခြင်း မရှိသည့်အတွက် မိသားစု ဝင်ငွေများနည်းပါးခြင်း၊ လူနေထိုင်မှုဘဝ နိမ့်ကျခြင်း
- စိုက်ပျိုးရေး မွေးမြူရေး ဆောင်ရွက်လုပ်ကိုင်ခြင်း မရှိသည့်အတွက် မိသားစု ဝင်ငွေများနည်းပါးခြင်း၊ လူနေထိုင်မှုဘဝ နိမ့်ကျခြင်းများကြုံတွေ့ခဲ့ရကြောင်းတွေ့ရပါသည်။

၆။ အမျိုးသမီးများတင်ပြသော ပြဿနာသစ်ပင် နှင့် ဖြေရှင်းနည်းလမ်း



## ဆွေးနွေးချက်

မိုးရာသီတွင် တံတားများမကောင်း၍ အုပ်စုချင်းဆက် မြို့နယ်သို့လူမှုရေးစီးပွားရေး ပညာသင်ကြားရန် သွားရောက်ရာတွင် လမ်းခရီးအခက်အခဲများ ကြုံတွေ့ရကြောင်း ဆွေးနွေးခဲ့ကြပါသည်။ ကျေးရွာတွင် ကိုယ်ပိုင်စီးပွားရေးများ မရှိခြင်းကြောင့် ပညာရေးဖွံ့ဖြိုးမှု နောက်ကျခြင်း၊ ဗဟုသုတနည်းပါးခြင်းများ ကြုံတွေ့ခဲ့ရကြောင်း ဆွေးနွေးခဲ့ကြပါသည်။

## သုံးသပ်ချက်

- သွားလာရေးခက်ခဲခြင်း၊ အိမ်အသုံး အဆောင်ပစ္စည်းများဝယ်ယူရန် ပင်လည်ဘူးသို့သွားလျှင် လိုအပ် သောအချိန် ကုန်ထက်ပို ကုန်ခြင်း
- ကြက်၊ ဝက်များ မွေးမြူရာတွင် အောင်မြင်မှုများ မရှိခြင်း၊ ကြက်များ ရောဂါများကျရောက်ပြီး ဆုံးရှုံးမှုများ နှင့် တွေ့ကြုံရသည်။

- မိသားစု စီးပွားရေးများ ပျက်စီး ရခြင်း၊ လူငယ်လူရွယ်များ အနာဂါတ် ပျောက်ဆုံးနေခြင်း၊ ကျေးရွာသူ ကျေးရွာသားများ အနေဖြင့် စိတ်ဆင်းရဲမှု များ ကြုံတွေ့ရခြင်း
- ကျေးရွာတစ်ရွာလုံးတောင်သူလယ်သမား များဖြစ်သဖြင့် စိုက်ပျိုးရေးကိုသာ ဆောင်ရွက်နေပြီး အသက် မွေးဝမ်းကြောင်း အတတ်ပညာများလေ့လာလိုက်စားမှု နည်းပါးခြင်းကြောင့် ဝင်ငွေများ နည်းပါးပါသည်။

၇။ ဦးစားပေးအစီအစဉ်ပြုဇယား (Matrix Ranking)



**ဆွေးနွေးချက်**

ချောင်းဆုံကျေးရွာအနေဖြင့် ဗဟုသုတဖွံ့ဖြိုး တိုးတက်လာစေရန် စာကြည့်တိုက်များ မရှိခြင်း၊ သောက်သုံးရေ မလုံလောက်မှုကြောင့် စက်ရေတွင်း ရေကန်များ လိုအပ်ခြင်း၊ ရွာချင်းဆက်လမ်းများ ခက်ခဲမှုကြောင့် ရွာချင်းဆက်လမ်း၊ တံတားများလိုအပ်ခြင်း၊ ဗဟုသုတ နည်းပါးမှုကြောင့် စာကြည့်တိုက်များ လိုအပ်ခြင်း စသည့် အခက်အခဲများကို ဆွေးနွေးခဲ့ကြပါသည်။

**သုံးသပ်ချက်**

**စီမံကိန်းပထမနှစ်တွင်** - စာသင်ကျောင်း ပြုပြင်ခြင်း (မျက်နှာကျက်) လုပ်ငန်း ကို ပြုပြင်ပြီးစီးခဲ့ပါသည်။

**စီမံကိန်းဒုတိယနှစ်တွင်** - တောင်တောကျေးရွာ အနေဖြင့် စာသင်ကျောင်းဝင်းခြံ ပြုပြင်တည်ဆောက်ခြင်း လုပ်ငန်းကို လည်းကောင်း၊ ကကက်ကျေးရွာ အနေဖြင့် စာသင်ကျောင်း ပြုပြင်ခြင်းလုပ်ငန်း ကို လည်းကောင်း ပြုလုပ်ရန် သဘောတူညီခဲ့ကြပါသည်။

**စီမံကိန်းတတိယနှစ်တွင်** - သရက်ကုန်းကျေးရွာမှ မူကြိုကျောင်း တည်ဆောက်ခြင်း လုပ်ငန်းကို ထောက်ပံ့ငွေ (၇၂၀၀၀၀၀) ကျပ်ဖြင့် လည်းကောင်း၊ ချောင်းဆုံကျေးရွာ အနေဖြင့် ရွာချင်းဆက်မြေသားလမ်းနှင့် ရေပြွန်တပ်ဆင်ခြင်း၊လုပ်ငန်းကို ထောက်ပံ့ငွေ (၁၄၆၅၀၀၀၀) ကျပ်ဖြင့် ပြုလုပ်ရန် သဘောတူညီခဲ့ကြပါသည်။

**စီမံကိန်းစတုတ္ထနှစ်တွင်** - ရွှေထီးကုန်းကျေးရွာမှ စက်ရေတွင်း ရေကန် တည်ဆောက်ခြင်း လုပ်ငန်းကို လည်းကောင်း၊ သရက်ကုန်းကျေးရွာမှ စာကြည့်တိုက် တည်ဆောက်ခြင်း လုပ်ငန်းကို ပြုလုပ်ရန် သဘောတူညီခဲ့ပါသည်

ဂေဟဝင်းပုံစံကိုသုံးပြု၍အဖွဲ့အစည်းများချိတ်ဆက်မှုနှင့်သုံးသပ်ချက်



**ဆွေးနွေးချက်**


ကျေးရွာလူထုနှင့် အဖွဲ့အစည်းများ ချိတ်ဆက်ဆောင်ရွက်နေသည့် အနေအထားမှာ အုပ်ချုပ်ရေးအဖွဲ့၊ ကျောင်းကော်မတီအဖွဲ့၊ အမျိုးသမီး/အမျိုးသား အဖွဲ့၊ ဂေါပကအဖွဲ့၊ ကျေးရွာစီ/ထောက်ကော်မတီ အဖွဲ့၊ ရပ်မိရပ်ဖ၊ မူးယစ်ဆေးဝါးအဖွဲ့ သမချေးငွေ အဖွဲ့အစည်း များနှင့်

ချိတ်ဆက်ဆောင်ရွက်ကြ ပါသည်။ နောင်ကင်းကျေးရွာတွင် မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မွေးမြူရေးဌာန၊ စိုက်ပျိုးရေးဌာန၊ လဝက၊ မြို့နယ်ရဲတပ်ဖွဲ့၊ ပညာရေးဌာန၊ လူထုဗဟိုပြုစီမံကိန်း၊ သမချေးငွေ၊ စိုက်ဘဏ် စသည့်ဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်ခဲ့ပါသည်။ အသက် မွေးဝမ်းကျောင်းလုပ်ငန်းအတွက် အရင်းအနှီးရရှိရန် မြို့နယ် သမဂါယမအသင်း၊ ချေးငွေ ပံ့ပိုးသည့်ဌာန၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ပြီး စိုက်ပျိုးရေးထုတ်ကုန် တိုးချဲ့ဆောင်ရွက်သင့်ပါသည်။

**သုံးသပ်ချက်**

ချောင်းဆုံကျေးရွာ အတွင်းရှိ အဖွဲ့အစည်းများမှာ ချိတ်ဆက်မှု အားကောင်းကြောင်း တွေ့ရပါသည်။ ပြင်ပအဖွဲ့အစည်းများနှင့် ပတ်သက်၍ မြေစာရင်းဌာန၊ သစ်တောဌာန၊ မီးသတ်တပ်ဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေး၊ လူထုဗဟိုပြုစီမံကိန်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စိုက်ဘဏ်တိုနှင့်မှာ ချိတ်ဆက်မှု အားကောင်းပြီး ပညာရေး၊ ကျန်းမာရေးဌာနတို့နှင့်မှာ ချိတ်ဆက်မှုအနည်းငယ် အားနည်းသေးကြောင်း တွေ့ရပါသည်။ မြို့နယ်ပညာဌာနနှင့် ချိတ်ဆက်မှု အားကောင်းလာပါက ကျေးရွာရှိကလေးများ၏ ပညာရေး ကောင်းလာမွန်လာမည် ဖြစ်ကြောင်းတွေ့ရပါသည်

## ၉။ ပင်ကူအိမ်ဖြင့်သုံးသပ်ခြင်း




## ဆွေးနွေးချက်

အမျိုးသား၊ အမျိုးသမီးတန်းတူ အခွင့်ရေးရရှိမှုနှင့် ပတ်သက်၍ ခေါင်းစဉ်(၈)ခုဖြင့် ဆွေးနွေးခဲ့ကြပါသည်။ ယနေ့ခေတ် နေထိုင်မှုစနစ်တွင် ခေါင်းဆောင်မှု၊ အလုပ်အကိုင်အခွင့်အလမ်း၊ ပစ္စည်းဥစ္စာပိုင်ဆိုင်မှု၊ အရင်းအမြစ်လက်လှမ်းမှီမှု၊ ဝင်ငွေရရှိမှုနှင့် ပညာတတ်မြောက်မှုစသည့် နေရာများတွင် အမျိုးသားများမှ သာလွန်မှုရှိပြီး အမျိုးသမီးများအား နေရာပေးရန်၊ အိမ်မှုကိစ္စဆောင်ရွက်မှုတွင် အမျိုးသားဘက်မှ အမျိုးသမီးများအား ဝိုင်းကူလုပ်ကူပေးကြရန် ဆွေးနွေးခဲ့ကြပါသည်။

## သုံးသပ်ချက်

ချောင်းဆုံကျေးရွာအနေဖြင့် ခေါင်းဆောင်မှု၊ ပူပေါင်းပါဝင်မှုများတွင် အမျိုးသား၊ အမျိုးသမီး ဆွေးနွေးတိုင်ပင်၍ တန်းတူဆုံးဖြတ် ဆောင်ရွက်ကြောင်းတွေ့ရသည်။ ပညာတတ်မြောက်မှု၊ ဝင်ငွေရရှိမှု၊ အလုပ်အကိုင် အခွင့်အလမ်း၊ အရင်းအမြစ် လက်လှမ်းမှီမှု များတွင် အမျိုးသားများမှာ အနည်းငယ်သာလွန်၍ အိမ်မှုကိစ္စတွင် အမျိုးသမီးများမှ အစစအရာရာ ဆောင်ရွက်ရကြောင်းကို တွေ့ရပါသည်။ သို့သော် ဤကျေးရွာသည် ကျား၊မရေးရာကွဲပြားမှု အနည်းငယ်သာရှိကြောင်း တွေ့ရှိရပါသည်။

၁၀။ကျား၊မရေးရာကိုခွဲခြမ်းစိတ်ဖြာခြင်း




**ဆွေးနွေးချက်**

ချောင်းဆုံကျေးရွာ အတွင်းတွင် ကျား၊မရေးရာ ခွဲခြမ်းစိတ်ဖြာခြင်းနှင့် ပတ်သက်၍ အမျိုးသားများသစ်၊ ဝါး၊လှည်း၊လယ်၊ ကျွဲ၊နွားများကို အသုံးပြုမှုရှိပြီး အမျိုးသမီးများမှာ တောထွက်ပစ္စည်း၊ အိမ်မွေးတိရစ္ဆာန်၊ ရွှေကို အသုံးပြုမှုရှိကြောင်း ဆွေးနွေးခဲ့ကြပါသည်။ စပါး၊ပဲ၊နှမ်း၊ သဲ၊ကျောက်များကို ကျား၊မနှစ်မျိုးစလုံးက အသုံးပြုကြကြောင်းကို ဆွေးနွေးခဲ့ကြပါသည်။ ထိန်းချုပ်မှုပိုင်းတွင် အမျိုးသားများမှ သစ်၊ဝါး၊ကျွဲ၊နွား၊ ကျောက်၊သဲများကို ထိန်ချုပ်နိုင်သော်လည်း အမျိုးသမီးများမှာ ရွှေ၊ရေတို့ကို ထိန်းချုပ်နိုင်မှုရှိကြောင်း ဆွေးနွေးခဲ့ကြပါသည်။ လှည်း၊လယ်၊ အိမ်မွေးတိရစ္ဆာန်၊ ဆန်၊စပါးတို့ကို အမျိုးသား၊သမီး နှစ်ဦးစလုံးက ထိန်းချုပ်ခဲ့ကြောင်းကို ဆွေးနွေးခဲ့ကြပါသည်။

**သုံးသပ်ချက်**

ချောင်းဆုံကျေးရွာ အတွင်းတွင် ကျားမရေးရာနှင့် ပတ်သက်ပြီး အမျိုးသားများက ကျွဲ၊နွားများကို အသုံးပြုမှုရှိပြီး အမျိုးသမီးများက ရွှေကိုသာ အသုံးပြုမှုရှိကြောင်း တွေ့ရပါသည်။ စပါး၊ပဲ၊နှမ်း၊ငွေကြေး၊ သစ်တောထွက်ပစ္စည်းနှင့် အိမ်မွေးတိရစ္ဆာန်တို့ကို ကျားမနှစ်ဦးစလုံးက သုံးစွဲမှုရှိကြောင်း တွေ့ရပါသည်။ အမျိုးသားများက သဲကိုထိန်းချုပ်မှုရှိပြီး အမျိုးသမီးများအနေဖြင့် ထိန်းချုပ်မှုမရှိကြောင်း တွေ့ရပါသည်။ ကျား၊မနှစ်မျိုးစလုံးမှာ ရွှေ၊ပါး၊ပဲ၊နှမ်း၊ ကျွဲ၊နွား၊ငွေကြေး၊ အိမ်မွေးတိရစ္ဆာန်တို့ကို ထိန်းချုပ်မှုရှိကြောင်း တွေ့ရပါသည်။

## ကျေးရွာအိမ်မက်မြေပုံသုံးသပ်ခြင်း



## ဆွေးနွေးချက်

ချောင်းဆုံကျေးရွာရှိ ကလေးများအခန်း မလုံလောက်စွာ ပညာသင်ကြားနိုင်ရန် စာသင်ကျောင်း၊ မူကြိုကျောင်းဆောင်များ ဆောက်လုပ်နိုင်ပြီး လမ်းခရီးအဆင်ပြေ၍ စီးပွားရေးများ အဆင်ပြေလာစေရန် လမ်းတံတားများ ဆောက်လုပ်လုပ်နိုင်ခြင်း၊ ဗဟုသုတ ဖွံ့ဖြိုးတိုးတက်လာစေရန် စာကြည့်တိုက်များ ဆောက်လုပ်ခြင်း ၊သောက်သုံးရေ လုံလောက်မှုရှိစေရန် စက်ရေတွင်း ရေကန်များတည်ဆောက်ခြင်း၊ အုပ်စုတွင်းလမ်းများ ကောင်းမွန်ပြီး လျှပ်စစ်မီးများ လင်းခြင်းဖြင့် ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းချက်များကို ဆွေးနွေးခဲ့ကြပါသည်။ စပါး၊ပဲ၊နှမ်းကို လုပ်ကိုင်ကြသော်လည်း နည်းပညာမရှိမှုတို့ကြောင့် သီးနှံထွက်နှုန်း ကျဆင်းကြောင်းကို ဆွေးနွေးခဲ့ကြပါသည်။ စိုက်ပျိုးရေး နည်းပညာ၊ မွေးမြူရေးနည်းပညာ၊ ဆိုင်ကယ်ပြင်သင်တန်း၊ လက်မှုပညာများ တတ်မြောက်ပါက လူမှု၊စီးပွား၊ ကျန်းမာရေးများ အဆင်ပြေပြီး ဖွံ့ဖြိုးတိုးတက်သော ကျေးရွာဖြစ်လာတော့မည် ဆိုသည့်အကြောင်းကို ဆွေးနွေးခဲ့ကြပါသည်။

## သုံးသပ်ချက်

ချောင်းဆုံကျေးရွာသို့ စီမံကိန်းများ ဝင်ရောက်မှုကြောင့် စာသင်ကျောင်း၊ မူကြိုကျောင်း၊ စာကြည့်တိုက်၊ လမ်း၊တံတား၊ ရေတွင်းရေကန်များ ဆောက်လုပ်နိုင်မည်ဆိုပါက အသိပညာ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်းတွေ့ရပါသည်။ စိုက်ပျိုးရေးနည်းပညာ၊ မွေးမြူရေး နည်းပညာများ ရရှိပါက သီးနှံအထွက်နှုန်း တိုးပြီး စီးပွားရေး အဆင်ပြေလာမည် ဖြစ်ကြောင်းကို တွေ့ရှိရပါသည်။ ကိုယ်ပိုင်လုပ်ငန်းများ ရှိခြင်းကြောင့် ဝင်ငွေများရရှိနိုင်ပြီး ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ စီးပွားရေး အဆင်ပြေလာမည်ဟု မျှော်မှန်းထားကြောင်းကို တွေ့ရှိရပါသည်။

## ၇။ ကျေးရွာကော်မတီဖွဲ့စည်းခြင်းနှင့်ဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း မှတ်တမ်းဓါတ်ပုံများ



မိတ်ဆက်အစည်းဝေးမှတ်တမ်းဓါတ်ပုံ



စေတနာ့ဝန်ထမ်းရွေးချယ်ခြင်း မှတ်တမ်းဓါတ်ပုံ



ကော်မတီဖွဲ့စည်းခြင်းမှတ်တမ်းဓါတ်ပုံ



ကျေးရွာဖွံဖြိုးရေးစီမံချက်ရေးဆွဲခြင်း မှတ်တမ်းဓါတ်ပုံ



အမျိုးသားအုပ်စု မှတ်တမ်းဓါတ်ပုံ



အမျိုးသမီးအုပ်စု မှတ်တမ်းဓါတ်ပုံ



ထိခိုက်လွယ်အုပ်စု မှတ်တမ်းဓါတ်ပုံ



လူငယ်အုပ်စု မှတ်တမ်းဓါတ်ပုံ



တတိယနှစ်မံကိန်းလုပ်ငန်းခွဲမဆောင်ရွက်ပြီး မှတ်တမ်းဓါတ်ပုံ



တတိယနှစ် စီမံကိန်းလုပ်ငန်းခွဲပြီးစီးမှုမှတ်တမ်းဓါတ်ပုံ

၈။ (၂၀၁၇ ) ခုနှစ် ကော်မတီစာရင်း

| စဉ် | အမည် | ကျား-မ | ရာထူး |
|---|---|---|---|
| ၁ | ဦးအောင်ကျော်လင်း | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဋ္ဌ |
| ၂ | ဒေါ်စန်းတင် | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဋ္ဌ |
| ၃ | ဦးသဲအောင် | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ ဥက္ကဋ္ဌ |
| ၄ | ဒေါ်ငွေငွေဝင်း | မ | ဝယ်ယူရေးဆပ်ကော်မတီ၊ မှတ်တမ်းထိမ်း |
| ၅ | ဦးသန်းစိုး | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၆ | ဦးအောင်ရွှေ | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ ဥက္ကဋ္ဌ |
| ၇ | ဦးအောင်သောင်း | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၈ | ဒေါ်စန်းဝင်း | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၉ | ဦးတင်ဝင်း | ကျား | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆက်ကော်မတီ ဥက္ကဋ္ဌ |
| ၁၀ | ဒေါ်မြင့်ရီ | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆက်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၁ | ဒေါ်မဲစိန် | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆက်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၂ | ဒေါ်နှင်းရီ | မ | ကျေးရွာငွေစာရင်းကိုင် |
| ၁၃ | ဦးထွန်းအောင် | ကျား | အကြံပြုချက်ဖြေရှင်းရေး |
| ၁၄ | ဒေါ်ဝင်းငွေ | မ | အကြံပြုချက်ဖြေရှင်းရေး |
| ၁၅ | ဦးကျော်ခင် | ကျား | စေတနာ့ဝန်ထမ်း |
| ၁၆ | ဒေါ်စန်းဦး | မ | စေတနာ့ဝန်ထမ်း |

စုစုပေါင်း။ (၁၆) ယောက် ကျား-၈ ယောက် +မ-၈ ယောက်

**ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ**

ဦးအောင်ကျော်လင်း ဘဏ္ဍာရေးဆပ်ကော်မတီ၊ ဥက္ကဋ္ဌ

ဒေါ်စန်းတင် ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ အဖွဲ့ဝင်

**မှတ်တမ်းတင်သူ**

အမည်။ ဦးအောင်မင်းထိုက်

ရာထူး။ လူထုစည်းရုံးရေးမှူး

ရက်စွဲ။ ၁၀/ ၁ / ၂၀၁၇

## ၄။ ပုံစံ(၁) ကျေးရွာအခြေခံချက်လက်များ

### ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

**လမ်းညွှန်ချက်။** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာခေါင်းဆောင် အမည် ဦးကျော်မြင့် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် ဦးအောင်မြင့်ထိုက် | |
|---|---|---|---|
| ~~ပြည်နယ်/5t~~တိုင်းဒေသကြီး စစ်ကိုင်း | မြို့နယ် ပင်လည်ဘူး | ကျေးရွာအုပ်စု ကကက | ကျေးရွာ ချောင်းဆုံ |

**က။ လူဦးရေ**

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ရှမ်း--- | ၉၄ | ဘာသာ (၁) ---ဗုဒ္ဓ--- | ၉၄ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------- | | ဘာသာရော ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၄ (ကျ-၃၊မ-၁) | | ၄ |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၁၅ | | ၁၅ |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၂၆၃ | ၂၈၈ |
| လူမျိုးစု (၁)--ရှမ်း--- | | |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၇၄ | ၂၀ |

**(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ**

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

၊ ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|
| မူလတန်းပြဆရာ/မ | ☐ | ☑ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ |
| အခြား | ☐ | ☐ |
| မှတ်ချက် | | |

| (၂) ကျန်းမာရေး | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|
| ဆရာဝန် | ☐ | ☐ |
| လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ |
| အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ |
| သားဖွားဆရာမ | ☑ | ☐ |
| ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ |
| မှတ်ချက် | | |

| (၃) လက်မှုပညာရှင် | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|
| လက်သမား | ☑ | ☐ |
| ပန်းရံ | ☑ | ☐ |
| လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| ရေပိုက်သွယ်သူ | ☐ | ☐ |
| စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | (မော်တော်ဆိုင်ကယ်လမ်း) |
| ကျောက်ခင်းလမ်း | (မြေသားလမ်း) | (လူသွားလမ်း) | အခြား ____________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/(မရှိပါ)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်---၁----/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်---၁၁မိနစ်---- ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လှေ/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန်----------၁နာရီ-------- ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လှေ/မော်တော်ဘုတ်/ အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ -[illegible] (၁၃၄၆)

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ---------------------------------

(၂) ---------------------------------

၂ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☐ ရှိပါသည်


ကျေးရွာခေါင်းဆောင် အမည် [illegible]

လက်မှတ် နေ့စွဲ 9.1.2017

လူထုစည်းရုံးရေးမှူး အမည် ဦးအောင်မင်းထိုက်

လက်မှတ် နေ့စွဲ 9.1.2017


## ၁၀။ပုံစံ စ ၂စီမံကိန်းစက်ဝန်းအချိန်ဇယား




ပုံစံ - စ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးအောင်မင်းထိုက် | | | |
| နေ့စွဲ | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) □ စက်ဝန်း(၂) ✓ စက်ဝန်း(၃) □ စက်ဝန်း (၄) | | |
| ပြည်နယ်/တိုင်း စစ်ကိုင်း | မြို့နယ် ပင်လည်ဘူး | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 9.1.2017 | 9.1.2017 | 33 | 48 | 81 | 81 \| [illegible] |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်းအစည်းအဝေး | 10.1.2017 | 10.1.2017 | 40 | 44 | 84 | 84 \| " |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့်အစည်းအဝေး | 20.1.2017 | 20.1.2017 | 10 | 6 | 16 | 16 \| " |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှုအစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေးအကြောင်းကြားသည့် အစည်းအဝေး | 2.4.2017 | 2.4.2017 | 56 | 22 | 78 | 78 \| [illegible] |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်းအစည်းအဝေး | 2.4.2017 | 2.4.2017 | 48 | 20 | 78 | 78 \| " |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | 2.4.2017 | 2.4.2017 | 57 | 39 | 96 | 96 \| " |



၁၁။ပုံစံ စ၃ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်ရေးဆွဲခြင်း



ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။

| | |
|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးအောင်မြင့်ထိုက် | |
| နေ့စွဲ 10.7.2017 | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း စစ်ကိုင်း ပင်လည်ဘူး မြို့နယ် | ကျေးရွာအုပ်စု ကကတ် / ကျေးရွာ ချောင်းဆုံ |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ရွာချင်းဆက်လမ်း မကောင်းခြင်း | ၁ | ရွာချင်းဆက်လမ်း မကောင်းခြင်း |
| ၂ | မူကြိုကျောင်းဆောင် မရှိခြင်း | ၂ | ရွာတွင်း သွားလာရေး အဆင်မပြေ |
| ၃ | သောက်သုံးရေ ဖူလုံမှု အားနည်း | ၃ | မူကြိုကျောင်းဆောင် မရှိခြင်း |
| ၄ | ဆက်သွယ်သွားလာရေး ခက်ခဲ | ၄ | သောက်သုံးရေ ဖူလုံမှု အားနည်း |
| ၅ | ရွာတွင်း သွားလာရေး အဆင်မပြေ | ၅ | ဆက်သွယ်သွားလာရေး ခက်ခဲ |
| ၆ | စိုက်ပျိုးရေး နည်းပညာ အားနည်း | ၆ | အိမ်တွင်းလက်မှုပညာ တတ်ကျွမ်းမှု အားနည်း |
| ၇ | မြေဆွေး မြေဩဇာများ မလောက်ငနိုင် | ၇ | မွေးမြူရေး နည်းပညာ အားနည်း |
| ၈ | မွေးမြူရေး နည်းပညာ အားနည်း | ၈ | စိုက်ပျိုးရေး နည်းပညာ အားနည်း |
| | | | |
| | | | |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ရွာချင်းဆက်လမ်း ပြုပြင်ကောင်းမွန်ပြီး | ၁ | ရွာချင်းဆက်လမ်း ပြုပြင်ကောင်းမွန်ပြီး |
| ၂ | မူကြိုကျောင်းဆောင် တည်ဆောက်ပြီး | ၂ | ရွာတွင်းလမ်း ပြုပြင်ကောင်းမွန်ပြီး |
| ၃ | ရေပိုက်သွယ်တန်းပြီး | ၃ | မူကြိုကျောင်း တည်ဆောက်ပြီး |
| ၄ | တံတားများ တည်ဆောက်ပြီး | ၄ | ရေပိုက်သွယ်တန်းပြီး |
| ၅ | ရွာတွင်းလမ်း ပြုပြင်ကောင်းမွန်ပြီး | ၅ | တံတားများ တည်ဆောက်ပြီး |
| ၆ | စိုက်ပျိုးသီးနှံများ ထွက်နှုန်းကောင်း | ၆ | အိမ်တွင်းလက်မှုပညာများ ကျွမ်းကျင်ပြီး |
| ၇ | စိုက်ပျိုးမြေများ ဖော်ထုတ်ပြီး | ၇ | မွေးမြူရေးလုပ်ငန်းများ အောင်မြင်မှုရှိ |
| ၈ | မွေးမြူရေး နည်းစနစ် မှန်ကန်၍ အဆင်ပြေ | ၈ | စိုက်ပျိုးသီးနှံများ ထွက်နှုန်းကောင်း |
| | | | |
| | | | |

ဂ။ လူထုစီမံကိန်း၏ လာမည့် (၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အိမ်ခြေ အတွက် |
|---|---|---|---|---|
| ၁ | ရွာအုပ်အဆောက်လမ်း ([illegible]) | ကျား+မ | ၁၅,၀၀၀,၀၀၀ | ၅၄၀ |
| ၂ | မူကြိုကျောင်းဆောင်သစ် | ကျား+မ | ၈,၀၀၀,၀၀၀ | ၅၄၀ |
| ၃ | တံတား (၃)စင်း | ကျား+မ | ၁၈,၀၀၀,၀၀၀ | ၅၄၀ |
| ၄ | ရွာတွင်းလမ်း | ကျား+မ | ၁၀,၀၀၀,၀၀၀ | ၅၄၀ |
| ၅ | ရေပိုက်ဆွဲသွယ်တန်းခြင်း | ကျား+မ | ၉,၀၀၀,၀၀၀ | ၅၄၀ |
| | | | | |
| | | | | |


ဃ။ လူထုစီမံကိန်း၏ လာမည့် (၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | စိုက်ပျိုးရေး နည်းပညာ | ကျား+မ | |
| ၂ | မွေးမြူရေး နည်းပညာ | ကျား+မ | |
| ၃ | [illegible] | ကျား | |
| ၄ | အပ်ချုပ်၊ [illegible]ပညာ | မ | |
| ၅ | | | |
| | | | |
| | | | |
| | | | |
| | | | |

ဥက္ကဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။


အမည် --ဦးအောင်ကျော်လင်း-- လက်မှတ် --------- နေ့စွဲ --20.1.2017--

၁၂။ ပုံစံ စ ၄ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းခွဲ ရွေးချယ်ခြင်းပုံစံ



ပုံစံ - စ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ / အမည်/အဖွဲ့ | စုစုပေါင်း |
| [illegible] | [illegible] | 20'×15'×12' / 6'×5'×0' | 544 | ☐ ကျား ☐ မ ☑ ကျား + မ | 7,000,000 | | 200,000 / [illegible] | 7,200,000 |
| [illegible] | [illegible] | | 544 | ☐ ကျား ☐ မ ☑ ကျား + မ | 14,120,000 | | 545000 / [illegible] | 14665000 |
| | | | | ☐ ကျား ☐ မ ☐ ကျား + မ | | | | |
| | | | | ☐ ကျား ☐ မ ☐ ကျား + မ | | | | |
| | | | | ☐ ကျား ☐ မ | | | | |



ပုံစံ - ၈ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

| |
|---|
| လမ်းညွှန်ချက်။ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။ |
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဦးအောင်မင်းထိုက် |

| | | |
|---|---|---|
| နေ့စွဲ | | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) □စက်ဝန်း(၁) □စက်ဝန်း(၂) ☑စက်ဝန်း(၃) □စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း စစ်ကိုင်း | မြို့နယ် ပင်လည်ဘူး | ကျေးရွာအုပ်စု ကကက် |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက် အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖေါ်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| သရက်တည်း | မူကြိုကျောင်း အိမ်သာ | ၃၀'×၂၄'×၁၂' ၆'×၆'×၈' | ၆၄၄ | □ ကျား<br>□ မ<br>☑ ကျား+ မ | 7000000 | | 200000 | အဖွဲ့အစည်း လက်ကျန်ငွေ | 7200000 |
| ချောင်းဆုံ | မြေသားလမ်း ဖေ၁၃၂၄ | | ၆၄၄ | □ ကျား<br>□ မ<br>☑ ကျား+ မ | 14120000 | | 545000 | အဖွဲ့အစည်း လက်ကျန်ငွေ | 14665000 |
| | | | | □ ကျား<br>□ မ<br>□ ကျား+ မ | | | | | |
| | | | | □ ကျား<br>□ မ<br>□ ကျား+ မ | | | | | |
| | | | | □ ကျား<br>□ မ | | | | | |

၁၃။အစည်းဝေးမှတ်တမ်းများ

လူထုဗဟိုပြုစီမံကိန်း

စစ်ကိုင်းဒေသကြီး၊ ပင်လည်ဘူးမြို့နယ်

ကျေးရွာအစည်းအဝေးမှတ်တမ်း

ကျေးရွာ ........ချောင်းဆုံ........

ကျေးရွာအုပ်စု ........ဂဂဂဂ........

အစည်းအဝေးပြုလုပ်သည့်နေရာ ........ချောင်းဆုံကျေးရွာ ဓမ္မာရုံ........

အစည်းအဝေးပြုလုပ်သည့်နေ့ရက် ........၆ . ၁ . ၂၀၁၇........

အစည်းအဝေးပြုလုပ်သည့် အကြောင်းအရာ........ဘာကြောင့်နှင့်ခက်ခဲ ... ပထမအကြိမ်မိတ်ဆက် အစည်းအဝေးနှင့် စေတနာ့ဝန်ထမ်း ရွေးချယ်ခြင်း။........

အစည်းအဝေးတက်ရောက်သူဦးရေ။ ။ကျား( ၃၃ )ဦး၊ မ( ၄၈ )ဦး=( ၈၁ )ဦး

ရည်ညွှန်းချက်။ ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်၊ သဘောတူညီချက်၊ မှတ်တမ်းတင်သူ ပါဝင်ရမည်။

ရည်ရွယ်ချက်

— ၁ —

စီမံကိန်းအကြောင်းနှင့် ခက်ခဲအကြောင်း ကျေးရွာလူထု သိရှိနားလည် ရန် -
စေတနာ့ဝန်ထမ်းအား မှန်ကန်စွာ ရွေးချယ်တင်မြှောက်ရန်။

ဆွေးနွေးချက်

— ၁ —

အစည်းအဝေးပြုလုပ်မည့် အစီအစဉ်များကို လူထုစည်းရုံးရေးအဖွဲ့မှ ရှင်းလင်းခြင်း၊ ကျေးရွာ ရှေ့ဆောင်ခေါင်းဆောင်မှ အမှာစကားပြောကြားခြင်း၊ မိတ်ဆက်အစည်းအဝေး ပြုလုပ်ရခြင်း ရည်ရွယ်ချက်၊ စီမံကိန်း ရည်ရွယ်ချက်၊ လူထုဗဟိုပြုစီမံကိန်း ကဏ္ဍပေါ်၊ အကျိုးရှိ၊ အကောင်အထည်ဖော်မည့် အဖွဲ့အစည်း၊ စီမံကိန်း ကာလများ အား စည်းရုံးရေးအဖွဲ့မှ ရှင်းလင်းခြင်း။ ကျား၊ မရေးရာကဏ္ဍ၊ ဝေဖန်အကြံပြုကဏ္ဍ များအား ရှင်းလင်းခြင်း၊ ကော်မတီ၊ ကျေးရွာလူထု၊ ကျေးရွာစီမံကော်မတီ၊ ကျေးရွာ ... စီမံကော်မတီ၊ စေတနာ့ဝန်ထမ်း၊ ကျေးရွာဖွံ့ဖြိုးရေးကောင်စီ၊ ကျေးရွာလူထုခေါင်းဆောင်၊ TA တာဝန်၊ ကျေးလက်ဦးစီးဌာနများအား သတ်မှတ်ချက် ရှင်းလင်းခြင်း၊

အကာအကွယ်နှင့်ပတ်သက်သောကဏ္ဍ ၊ လှည့်ပတ်ရေးနှင့်ပြုပြင်ထိန်းသိမ်းရေး ကဏ္ဍများအား လက်တွေ့ကွင်းဆင်းပညာများမှ ရှင်းလင်းခြင်း ၊ စီမံကိန်းစက်ဝန်းအကြောင်း မှ အဆင့်နှင့် အဆင့်များအား (CF) မှ ရှင်းလင်းခြင်း ၊ စောင့်ကြပ်ကြည့်ရှုမှု ၊ ပြန်လည်သုံးသပ်ခြင်း ၊ အကဲဖြတ်မှုများကိုလည်း ရှင်းလင်းခြင်း ။ စေတနာ့ဝန်ထမ်းရွေးချယ်ခြင်း ၊ PRA tools များကို ကျေးရွာလူထုကိုယ်တိုင် ပါဝင်ရေးဆွဲကာ ဆွေးနွေးခြင်းနှင့် ဆက်စပ်ခြင်း များကိုလည်း (CF) မှ ဆွေးနွေးရှင်းလင်းခြင်း ။

ဆုံးဖြတ်ချက်

စေတနာ့ဝန်ထမ်းအား နှင့်ကျော်ရွာ ရွေးချယ်တင်မြှောက်ခဲ့သဖြင့် ကျေးရွာလူထုမှလည်း နှစ်သက်ကျေနပ်ကြောင်း ။

သဘာဝပတ်ဝန်းကျင် ၊ အကာအကွယ်နှင့် လူမှုအကာအကွယ်များကိုလည်း သိရှိလိုက်ရကြောင်း ။

လှည့်ပတ် ၊ ပြုပြင်ထိန်းသိမ်း အစီအစဉ်များ အတွက်လည်း ကြိုတင်ရေးဆွဲထားကြကြောင်း ။


သဘောတူညီချက်

စေတနာ့ဝန်ထမ်းကိုလည်း အများသဘောတူညီချက်ဖြင့် ရွေးချယ်ခဲ့သဖြင့် မိမိတာဝန်ကို ကျေပွန်စွာဆောင်ရွက်ကြောင်း ။

PRA tools ကိုလည်း ကျေးရွာလူထုကိုယ်တိုင် ဆောင်ရွက်ရန် သဘောတူညီခဲ့ ။

CF / TF မှ ပြောဆိုဆွေးနွေး ရှင်းပြသည်များကို ကျေးရွာလူထုအနေဖြင့် တတ်နိုင်သမျှ မှတ်သားထားကြောင်း ။ ကျေးရွာ မိ/ဖ တို့မှ သဘောတူညီခဲ့ကြပါသည် ။

(မှတ်တမ်းတင်)



လူထုဗဟိုပြုစီမံကိန်း

စစ်ကိုင်းဒေသကြီး၊ ပင်လည်ဘူးမြို့နယ်

ကျေးရွာအစည်းအဝေးမှတ်တမ်း

ကျေးရွာ ......ချောင်းဆုံ......

ကျေးရွာအုပ်စု ......ကကလက်......

အစည်းအဝေးပြုလုပ်သည့်နေရာ ......ချောင်းဆုံကျေးရွာဓမ္မာရုံ......

အစည်းအဝေးပြုလုပ်သည့်နေ့ရက် ......၁၀း၁း၂၀၁၈......

အစည်းအဝေးပြုလုပ်သည့် အကြောင်းအရာ ......ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး ......ကော်မတီနှင့် စည်းမျဉ်း ... ရွေးချယ်ခြင်း

အစည်းအဝေးတက်ရောက်သူဦးရေ။ ။ကျား( ၄၀ )ဦး၊ မ( ၄၄ )ဦး=( ၈၄ )ဦး

ရည်ညွှန်းချက်။ ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်၊ သဘောတူညီချက်၊ မှတ်တမ်းတင်သူ ပါဝင်ရမည်။

ရည်ညွှန်းချက်

ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီဝင်များကို မှန်ကန်စွာ ရွေးချယ်တင်မြှောက်နိုင်ရေး။

ကျေးရွာအတွက် အမှန်တကယ် လိုအပ်ချက်ရှိသော လုပ်ငန်းခွဲများကို ရွေးချယ်ဖော်ထုတ်နိုင်ရေး။

ဆွေးနွေးချက်

... ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီဝင်များ၏ တာဝန်နှင့်ဝတ္တရားများကို သက်ဆိုင်ရာ ... မှ ရှင်းလင်းဆွေးနွေးခြင်း၊ အစည်းအဝေး တက်ရောက်လာသော ကျေးရွာလူထု မှလည်း ချောင်းဆုံ ကျေးရွာ၏ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီဝင်များ ... ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက် အမှန်တကယ် ဆောင်ရွက်နိုင်သူများကို ရွေးချယ်ပေးရန် ဆွေးနွေးခြင်း၊

ချောင်းဆုံကျေးရွာအနေ ဦးစားပေး လုပ်ငန်းအခက်အခဲများကို ကျေးရွာအတွက်

အမှန်တကယ်လိုအပ်ချက်ရှိသော လုပ်ငန်းများကို အမျိုးသား / အမျိုးသမီး

အဖွဲ့များ နှင့် ဆွေးနွေး ဖော်ထုတ်ခြင်း

**ဆုံးဖြတ်ချက်**

· ချောင်းဆုံကျေးရွာအနေ ဦးစားပေးအစီအစဉ်ရေးဆွဲရာတွင် ဦးစားပေးလုပ်ငန်း

အဆင့်များအနေဖြင့်

ဦးစားပေး အဆင့် (၁) ရွာတွင်းဆက်သွယ်ရေးလမ်း (ချောင်းဆုံ - ကောင်တောကျေး)

(၂) မူလတန်းကျောင်း ဆောင်သစ်

(၃) တံတား (၃) စင်း ပြုပြင်ခြင်း

(၄) ရွာတွင်းလမ်း

(၅) ရေပိုက်သွယ်တန်းခြင်း တို့ ဖြစ်ရပါမည် ကျေးရွာလူထုမှ

ဆုံးဖြတ်ခဲ့ကြပါသည်။

**သဘောတူညီချက်**

၁- ကော်မတီဝင်များမှ မိမိတာဝန် နှင့် ဝတ္တရားများကို ကျေပွန်အောင်ဆောင်ရွက်သွားရန် သဘောတူညီခဲ့.

၂- ကျေးရွာလူထုမှလည်း စီမံကိန်းလုပ်ငန်းစဉ်တိုင်းတွင် ပူးပေါင်းပါဝင်ရန် သဘောတူညီခဲ့.

၃- စီမံကိန်းလုပ်ငန်းကို ကောင်းမွန်အောင်ဆောင်ရွက်ရန် သဘောတူညီခဲ့ကြသည်-

( မှတ်တမ်းတင် )

## ၁၅။ နောက်ဆက်တွဲ(၄)ခြားနားသောအစိတ်အပိုင်းများအတွက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်အနှစ်ချုပ်

နောက်ဆက်တွဲ(၄)ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ် အနှစ်ချုပ်

ကကက် အုပ်စု

မူရင်းသည် VPSC တွင်ထားရှိရပါမည်။ အခြားဌာနများနှင့် ညှိနှိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။

ချောင်းဆုံကျေးရွာ

MIS data အနေဖြင့် သွင်းရန်မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အဦ | ၁ | ရွာရှိဖ်းဆက်မြေသွားလမ်း ဖောက်ရန် (ချောင်းဆုံ - ဆောင်ကော) | ☑ ကျား ☑ မ | | |
| | ၂ | မူကြိုကျောင်း ဆောက်သစ် | ☑ ကျား ☑ မ | | |
| | ၃ | တံတား (၃) စင်း | ☑ ကျား ☑ မ | | |
| | ၄ | ရွာတွင်းလမ်း | ☑ ကျား ☑ မ | | |
| | ၅ | ရေပိုက် သွယ်တန်း ၉ ငံ | ☑ ကျား ☑ မ | | |
| အသက်မွေးဝမ်းကျောင်းမှု/ စိုက်ပျိုးရေး | ၁ | စိုက်ပျိုးရေး နည်းပညာ | ☑ ကျား ☑ မ | | |
| | ၂ | မွေးမြူရေး နည်းပညာ | ☑ ကျား ☑ မ | | |
| | ၃ | ဖြေမှုတော် ရွေ့ရှိင်း မော်တော်ဖြင့် | ☑ ကျား ☐ မ | | |
| | ၄ | အိမ်တွင်း လုပ်ငန်း လက်မှုပညာ | ☐ ကျား ☑ မ | | |
| | ၅ | စက်မှုလက်မှုပညာ | ☑ ကျား ☑ မ | | |
| ကျန်းမာရေးနှင့် အဟာရ | ၁ | | ☐ ကျား ☐ မ | | |
| | ၂ | | ☐ ကျား ☐ မ | | |
| | ၃ | | ☐ ကျား ☐ မ | | |
| | ၄ | | ☐ ကျား ☐ မ | | |
| | ၅ | | ☐ ကျား ☐ မ | | |
| ပညာရေး | ၁ | | ☐ ကျား ☐ မ | | |
| | ၂ | | ☐ ကျား ☐ မ | | |
| | ၃ | | ☐ ကျား ☐ မ | | |
| | ၄ | | ☐ ကျား ☐ မ | | |
| | ၅ | | ☐ ကျား ☐ မ | | |
| အခြား | ၁ | | ☐ ကျား ☐ မ | | |
| | ၂ | | ☐ ကျား ☐ မ | | |
| | ၃ | | ☐ ကျား ☐ မ | | |
| | ၄ | | ☐ ကျား ☐ မ | | |
| | ၅ | | ☐ ကျား ☐ မ | | |